Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၈၇) နေ့စွဲ။ ၁၂.၁၁.၂၀၁၅ (ကြာသပတေးနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၁၂.၁၁.၁၅ | Daily Eleven Pg (2) | ဦးသိန်းစိန် | **ပြည်သူများသို့ ကျေးဇူးတင်ရှိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ဝမ်းမြောက်ဂုဏ်ယူကြောင်း နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်**<br>မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာပြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သဖြင့် မိဘပြည်သူများအား ကျေးဇူးတင်ရှိကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်အား ဝမ်းမြောက်ဂုဏ်ယူကြောင်း နိုင်ငံတော်သမ္မတရုံးက နိုဝင်ဘာ ၁၁ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်မဲပေးခဲ့ကြသော တိုင်းရင်းသားမိဘပြည်သူများ၊ ရွေးကောက်ပွဲဖြစ်မြောက်ရေးပံ့ပိုးပေးခဲ့ကြသော တာဝန်ရှိသူများ၊ လေ့လာစောင့်ကြည့်သူများ၊ သိက္ခာရှိရှိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်လောင်းများအား ကျေးဇူးတင်ကြောင်း၊ ထို့ပြင် လက်ရှိကော်မရှင်က ထုတ်ပြန်သည့် ရလဒ်များအရ NLD ပါတီမှ လွှတ်တော်နေရာအများစုဖြင့် ဦးဆောင်နေသဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ၏ အောင်မြင်မှုကို လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ရွေးချယ်မှုနှင့် အဆုံးအဖြတ်ကို လေးစားလိုက်နာပြီး သတ်မှတ်အချိန်များအတိုင်း အေးချမ်းတည်ငြိမ်စွာ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဒေါ်အောင်ဆန်းစုကြည် အဆိုပြုသည့် တွေ့ဆုံဆွေးနွေးရေးနှင့် ပတ်သက်၍လည်း ကော်မရှင်၏ ရွေးကောက်ပွဲလုပ်ငန်းများ ပြီးဆုံးချိန်တွင် နှစ်ဖက်ညှိနှိုင်းမည်ဖြစ်ကြောင်း သမ္မတရုံးက အကြောင်းပြန်ခဲ့သည်။ |
| ၂ | ၁၂.၁၁.၁၅ | The Voice Daily Vol (3) No (187) p (1,2) | ဒေါ်အောင်ဆန်းစုကြည် | **သမ္မတ၊ တပ်ချုပ်နှင့် လွှတ်တော်နာယကတို့ကို တွေ့ဆုံဆွေးနွေး ရန် ဒေါ်အောင်ဆန်းစုကြည်တောင်းဆို**<br>အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် နိုဝင်ဘာ ၈ ရက်ရွေးကောက်ပွဲမှတစ်ဆင့် ဖော်ထုတ်ခဲ့သည့် တည်ငြိမ်အေးချမ်းမှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သမ္မတ၊ တပ်ချုပ်နှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့ကို တွေ့ဆုံဆွေးနွေးရန် |

| | | | | |
|---|---|---|---|---|
| | | | | NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထားသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် သမ္မတဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းတို့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သင့်လျော်သည့်အချိန်တွင် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုလိုက်ခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍သမ္မတရုံးမှလည်း ဒေါ်အောင်ဆန်းစုကြည် အဆိုပြုသည့် ဆွေးနွေးရေးနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြီးဆုံးချိန်တွင် နှစ်ဖက်ဆွေးနွေးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ရွေးကောက်ပွဲတွင် နေရာအများစုအနိုင်ရရှိသော NLD ပါတီကို ဂုဏ်ပြုကြောင်းနှင့် ကော်မရှင်၏ ရွေးကောက်ပွဲရလဒ်များ ကြေညာမှုလုပ်ငန်းပြီးစီးချိန်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။<br>ရန်ကုန် |
| ၃ | ၁၂.၁၁.၁၅ | The Voice Daily Vol (3) No (187) p (2) | Election | **တာဝန်မကျေပါက နုတ်ထွက်ပေးမည်ဟု ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးပြော**<br>မဲစာရင်းများ မှန်ကန်တိကျနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သော်လည်း ကော်မရှင်အနေဖြင့် လုပ်ပိုင်ခွင့်တာဝန်များကို မကျေပွန်ခဲ့ပါက ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်သွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကပြောသည်။ ၎င်းအနေဖြင့် ရွေးကောက်ပွဲသည် ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ နိုင်ငံရေးပါတီများ၊ လူမှုကူညီရေး အသင်းအဖွဲ့များပူးပေါင်းမှုနှင့် မီဒီယာများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြောင်း ၎င်းကဆိုသည်။<br>ကိုပေါက် |
| ၄ | ၁၂.၁၁.၁၅ | Daily Eleven Pg (2) | Election | **ဒီမိုကရေစီစနစ်ကျင့်သုံး၍ တာဝန်ယူမှုရှိသော အစိုးရတစ်ရပ် အဖြစ်ဦးတည်ဆောင်ရွက်ရာတွင် ယူကေသည် မြန်မာပြည်သူများသို့ပံ့ပိုးသွားရန် အဆင်သင့်ရှိဟု ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းပြော**<br>ဒီမိုကရေစီစနစ်ကျင့်သုံး၍ တာဝန်ယူမှုရှိသော အစိုးရတစ်ရပ်အဖြစ် ဦးတည်ဆောင်ရွက်ရာတွင် ဗြိတိန်နိုင်ငံသည် မြန်မာပြည်သူများအား ပံ့ပိုးသွားရန် အဆင်သင့်ရှိနေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက နိုဝင်ဘာ ၁၁ ရက်နေ့က ထုတ်ပြန်သည့်ထုတ်ပြန်ချက်တွင် ပြောကြားသည်။ ရွေးကောက်ပွဲအတွက် |

| | | | | |
|---|---|---|---|---|
| | | | | စနစ်ကျသည့် မဲပေးအစီအစဉ်အတိုင်း လုံခြုံ့ဝုက်တည်ငြိမ်စွာ လာရောက်ပေးခဲ့ကြသည်ဟု လွတ်လပ်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တင်ပြချက်များကိုလည်း ကြိုဆိုကြောင်းနှင့် အစိုးရသစ်ဖွဲ့စည်းချိန်တွင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် စနစ်ကျသော အပြောင်းအလဲများ ဖြစ်ပေါ်စေရန်အတွက် ပါတီများအားလုံးအနေဖြင့် လက်ရှိတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဟု ဒေးဗစ်ကင်မရွန်းက ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။ |
| ၅ | ၁၂.၁၁.၁၅ | The Voice Daily Vol (3) No (187) p (7) | Eelection | **မွန်တွင် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၁၂ ဦး ရွေးကောက်ပွဲနိုင်**<br>၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် မွန်ပြည်နယ် နိုင်ငံရေးပါတီအသီးသီးမှ အမျိုးသမီး ကိုယ်စားလှယ်လောင်း ၅၁ ဦး ယှဉ်ပြိုင်ရာ ၁၂ ဦး အနိုင်ရခဲ့ကြောင်း သိရသည်။ မွန်လူမျိုးများကို ကိုယ်စားပြုသည့် မွန်နိုင်ငံရေးပါတီသုံးခုဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ အမျိုးသမီး ကိုယ်စားလှယ်လောင်း ငါးဦး၊ မွန်အမျိုးသား ပါတီမှ ကိုးဦး၊ အမျိုးသမီး ပါတီ (မွန်) မှ လေးဦး ယှဉ်ပြိုင်ခဲ့သည်။ NLD မှ အမျိုးသမီး ကိုယ်စားလှယ်လောင်း ၁၂ ဦး အရွေးခံသော်လည်း မွန်ကိုယ်စားပြု ပါတီများမှ အမျိုးသမီးကိုယ်စားလှယ်လောင်း တစ်ဦးမှ အရွေးမခံရသည့်အတွက် လွှတ်တော်တွင်း မွန်အမျိုးသမီးရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်မည့်လမ်းကြောင်း ပိတ်သွားမည်ကို မွန်အမျိုးသမီးအရေးလှုပ်ရှားနေသူတို့က စိုးရိမ်နေကြသည်။<br>Dawei Watch |
| ၆ | ၁၂.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၆) p (3) | Election | **မြန်မာ့ရွေးကောက်ပွဲကို အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်အပါအဝင် ဗြိတိန်၊ ကနေဒါဝန်ကြီးချုပ်များနှင့် ဂျွန်မက်ကိန်း တို့ ချီးကျူးဂုဏ်ပြု**<br>မြန်မာ့ရွေးကောက်ပွဲ အောင်မြင်စွာ ပြီးစီးသွားခဲ့ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီက အသာစီးရနေခြင်းကို အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်နှင့် ဇနီးက ဂုဏ်ပြုလိုက်ကြောင်းသိရသည်။ ထို့နောက် မြန်မာ့အရေးသဘောထားတင်းမာသူ အမေရိကန်လွှတ်တော်အမတ် John McCain က ရွေးကောက်ပွဲကို ဂုဏ်ပြုလိုက်ပြီး ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူဒိုးကလည်း မြန်မာပြည်သူများအား ချီးကျူးကြောင်း မြန်မာနိုင်ငံဆိုင်ရာသံရုံးက ကြေညာချက်ထုတ်ပြန်ထားသည်။ မြန်မာခေါင်းဆောင်များအားလုံး ယခုချိန်မှစ၍ စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေး၊ အထူးသဖြင့် မတူညီသောတိုင်းရင်းသား လူမျိုးစုကြား စစ်မှန်သည့်ငြိမ်းချမ်းရေး ဖော်ဆောင်သွားရန် John McCain ကဆိုသည်။ ကနေဒါ ဝန်ကြီးချုပ်ကလည်း အငြင်းပွားမှုမှန်သမျှကို |

| | | | | |
|---|---|---|---|---|
| | | | | အပြုသဘောဆောင်သော ဖြေရှင်းချက်များဖြင့် ပြည်သူများ အတွက်ထိုက်တန်သည့် ဒီမိုကရေစီကို ဖော်ဆောင်စေလိုကြောင်း တိုက်တွန်းထားသည်။<br>အေဝိုင်အီး |
| ၇ | ၁၂.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၆) p (14) | Election | **ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နေရာအား ဒီချုပ်ပါတီမှ ရွေးချယ်ရမည့် အနေအထားရှိနေ**<br>ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နေရာအား လက်ရှိအခြေအနေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးချယ်ရမည့်အနေအထားတွင်ရှိနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရခိုင်ပြည်နယ်ဥက္ကဋ္ဌ ဦးညီပုကပြောသည်။ ယင်းပါတီမှ ရခိုင်ပြည်နယ်တွင် ကိုယ်စားလှယ်လောင်း ၅၉ နေရာအနက် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်နှင့် မာန်အောင်မြို့နယ်များတွင် စုစုပေါင်း ၁၃ နေရာအနိုင်ရသည်ဟု နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် UEC မှ အတည်ပြုထုတ်ပြန်သည်။ ဖွဲ့စည်းပုံအရ NLD က အစိုးရဖြစ်ခဲ့လျှင် သမ္မတက ပြည်နယ်ဝန်ကြီးချုပ်ကို အဆိုတင်သွင်းရမည်ဖြစ်သောကြောင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်သည် NLD အနေနှင့် မည်သူ့ကိုအဆိုပြုတင်သွင်းမလဲဆိုသည်ကို ဒေါ်အောင်ဆန်းစုကြည်၏ ဆုံးဖြတ်ချက်ကို စောင့်ရမည်ဖြစ်ကြောင်း ဆိုသည်။<br>The Root |
| ၈ | ၁၂.၁၁.၁၅ | Daily Eleven Pg (15) | Election | **ရွေးကောက်ပွဲကျင်းပသည့်ရက်တွင် ဖီးကုန်းမြို့နယ် မဲရုံအချို့၌ မဲရုံမှူးများ၏ လုပ်ထုံးလုပ်နည်းမညီညွတ်မှု၊ အသက်မပြည့်သူများ ဆန္ဒမဲလက်မှတ်များရရှိမှု၊ မဲရုံအနီး မဲဆွယ်စည်းရုံးမှုများကို စစ်ဆေးအရေးယူပေးရန် NLD ပါတီက ကော်မရှင်သို့ တိုင်ကြားမည်**<br>ပဲခူးတိုင်းအနောက်ပိုင်းဒေသကြီး ဖီးကုန်းမြို့နယ်တွင် ရွေးကောက်ပွဲကျင်းပသည့်နေ့က မဲရုံအချို့တွင် မဲရုံမှူးများက လုပ်ထုံးလုပ်နည်းနှင့်အညီ မဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ စစ်ဆေးအရေးယူပေးရန် ဖီးကုန်းမြို့နယ် NLD ပါတီ မြို့နယ်ကော်မရှင်အဖွဲ့ ခွဲထံ တိုင်ကြားသွားမည်ဟုသိရသည်။ ရွေးကောက်ပွဲနေ့က အဆိုပါမြို့နယ်ရှိ မီးကောက်ပင်အုပ်စု၊ ဒွန်းနွယ်ကျေးရွာ၊ ကန်ကလေးကျေးရွာ မဲရုံ (၁) တို့တွင် မဲရုံမှူးများက ဆန္ဒမဲလာရောက်ပေးသူများထံမှ အမှန်ခြစ်တံဆိပ်တုံးများကိုကိုင်ကာ ရိုက်နှိပ်ပေးခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေးခန်းအတွင်း ဝင်ရောက်ကာ ကြည့်ရှုခြင်းနှင့် ဆန္ဒမဲပေးမည့်သူများကို ဦးထုပ်အဖြူ၊ အကျီအဖြူနှင့် ဝတ်ဆင်ထားသူ (အချို့မှာ ပုဆိုးအစိမ်းများ) များက အကြိုအပို့လုပ်ကာ ဆန္ဒမဲထည့်ရမည့်နေရာများကို ပြောဆိုခြင်းများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ ထို့ပြင် ကြိုတင်မဲများကောက်ယူရာတွင်လည်း ပြည်ခိုင်ဖြိုးပါတီအားမဲပေးရန် သွယ်ဝိုက်မဲဆွယ်မှုများလည်း ရှိခဲ့သည်ဟု ဆိုကြသည်။ ယင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေး |

| | | | | |
|---|---|---|---|---|
| | | | | ကောက်ပွဲကော်မရှင်သို့ တိုင်ကြားသွားမည်ဖြစ်ကြောင်း၊ NLD ဗဟိုသို့လည်း အကြောင်းကြား၍ ဆက်လက်ဆောင်ရွက်ရမည့် တာဝန်များကို တောင်ခံသွားမည်ဟု သိရသည်။ |
| ၉ | ၁၂.၁၁.၁၅ | The Messenger Pg (5) | Election | **ကြည်ကြည်ဖြူဖြူ လွှဲပြောင်းပေးရန် ပြည်ခိုင်ဖြိုးပါတီအား ဦးဝီရသူ တိုက်တွန်း**<br>အထွေထွေရွေးကောက်ပွဲကြီး၌ နေရာအများအပြား အရေးနိမ့်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် အနိုင်ရပါတီအား ကြည်ကြည်ဖြူဖြူ လွှဲပြောင်းပေးသင့်ကြောင်းနှင့် သဘောထားကြီးသည့် အရှုံးသမားဖြစ်ရန်အတွက် လုပ်ဆောင်သင့်ကြောင်း မဘသ (အထက်ဗမာပြည်) ဦးဆောင်ဆရာတော် ဦးဝီရသူက မိန့်ကြားလိုက်သည်။ NLD ကိုယ်စားလှယ်များ လွှတ်တော်ထဲရောက်သွားခြင်းသည် ကောင်းမွန်သည့် လက္ခဏာဖြစ်ကြောင်းနှင့် လွှတ်တော်ထဲ အရပ်သားကိုယ်စားလှယ် (၇၅) ရာခိုင်နှုန်းရအောင် ဆက်လက်လုပ်ဆောင်သွားရန် တိုက်တွန်းကြောင်း ဆရာတော်ကမိန့်ကြားသည်။ ထို့ပြင် ရွေးကောက်ပွဲတွင် ကြိုတင်မဲများမှတစ်ဆင့် အငြင်းပွားမှုများ တောင်ကြီး၊ လားရှိုးနှင့် မြစ်ကြီးနားတို့တွင်ပေါ်ပေါက်ခဲ့သော်လည်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ခဲ့သည်ဟုလည်း ဆရာတော်က မိန့်ကြားသည်။<br>K.W.M |
| ၁၀ | ၁၂.၁၁.၁၅ | The Messenger Pg (6) | Election | **တရားမဲ့ပြုကျင့်မှုမခံရပါက ရွေးကောက်ပွဲ အောင်နိုင်မည်ဟု ဒေါက်တာညိုညိုသင်းဆို**<br>နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှုမခံခဲ့ရပါက ရွေးကောက်ပွဲအောင်နိုင်မည်ဖြစ်ကြောင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဒေါက်တာညိုညိုသင်းက ပြောသည်။ မဲဆွယ်စည်းရုံးရေးနစ်လအတွင်း ပြိုင်ဘက်ကိုယ်စားလှယ်လောင်းမှ တစ်သီးပုဂ္ဂလအားမဲမပေးရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ခြင်းတို့အပြင် စာအုပ်ထုတ်ဝေကာ စွပ်စွဲရေးသားခြင်းများရှိခဲ့ကြောင်း၊ ယင်းသို့တရားမဲ့ပြုကျင့်မှုများနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်ရန်မှာ ကော်မရှင်၏တာဝန်ဖြစ်ပြီး မိမိအနေဖြင့် တိုင်ကြားမှုများ ပြုလုပ်သွားမည်မဟုတ်ဟုလည်း ၎င်းကဆိုသည်။ ဒေါ်ညိုညိုသင်းနှင့် ပြိုင်ဘက်ဖြစ်သည့် NLD မှ ဦးထွန်းမြင့်က မိမိတို့အနေဖြင့် ဥပဒေနှင့်အညီသာ လုပ်ဆောင်ခဲ့ပြီး တရားမဲ့ပြုကျင့်ခြင်းမရှိကြောင်း ပြောဆိုသည်။ |
| ၁၁ | ၁၂.၁၁.၁၅ | The Messenger Pg (12) | Election | **ရွေးကောက်ပွဲလွန်ကာလ ပညာရေးဆိုင်ရာ တောင်းဆိုမှု (၂) ခု ပြုလုပ်မည်**<br>၂၀၁၅ ရွေးကောက်ပွဲအလွန်ကာတွင် ပညာရေးဆိုင်ရာ တောင်းဆိုချက် (၂) ခုကို အဓိကထား တောင်းဆိုသွားမည်ဖြစ် |

| | | | | |
|---|---|---|---|---|
| | | | | ကြောင်း ဗကသများအဖွဲ့ချုပ်မှ ကိုအောင်နေပိုင်က ပြောသည်။ တောင်းဆိုချက်နှစ်ခုမှာ မြန်မာနိုင်ငံ၏ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရန်နှင့် ဖမ်းဆီးထိန်းသိမ်းထားသည့် ကျောင်းသားများအား အမြန်ဆုံးပြန်လွှတ်ပေးရေးတို့ဖြစ်သည်။ ယင်းတောင်းဆိုချက်များနှင့်ပတ်သက်၍ ကျောင်းသားထုများအကြား အကျေအလည်ဆွေးနွေးသွားမည့်အပြင် NNER နှင့် တိုင်ပင်ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ကိုအောင်နေပိုင်က ပြောသည်။ |
| ၁၂ | ၁၂.၁၁.၁၅ | The Messenger Pg (20)<br><br>စံတော်ချိန် အတွဲ(၃) အမှတ် (၉၃၂) Pg (2) | Election | **လူထုလမ်းပေါ်တက်ဆန္ဒမပြရေး ပါတီများ ထိန်းသိမ်းဖို့လို**<br>ရွေးကောက်ပွဲကာလအတွင်း မဲလိမ်မဲခိုးမှုများနှင့် ပတ်သက်၍ ပြည်သူများ လမ်းပေါ်တက်ဆန္ဒမပြရေး နိုင်ငံရေးပါတီများ ထိန်းသိမ်းရန်လိုအပ်ကြောင်း နိုင်ငံရေးသုတေသီ ဒေါ်ခင်မမမျိုးက နိုဝင်ဘာ ၁၁ ရက်နေ့က Pen Myanmar ရုံးခန်းတွင် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲအလွန်ကာလ အကြမ်းဖက်မှုများအား ကာကွယ်ခြင်း မဟာဗျူဟာခေါင်းစဉ်ဖြင့် ဟောပြောပွဲတွင် ပြောကြားခဲ့သည်။ ပြည်သူလူထုကျေနပ်မှုမရှိဘဲ လမ်းပေါ်ထွက်ဆန္ဒပြမှုများပြုလုပ်လာပါက ရွေးကောက်ပွဲအလွန် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲလိမ်မဲခိုးဖြစ်ပေါ်သည်မှာ မဆန်းသော်လည်း ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းရမည့် ကော်မရှင်နှင့် နိုင်ငံရေးပါတီများက အရေးကြီးကြောင်း ဒေါ်ခင်မမမျိုးကဆိုသည်။ ထို့ပြင် သွင်ပြင်လက္ခဏာငါးမျိုးပေါ်မူတည်ပြီး ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် ယင်းအကြမ်းဖက်မှုတွင် ပါဝင်သူများသည် ပုံစံအမျိုးမျိုးဖြင့် ပါလာတတ်ပြီး တစ်ခါတစ်ရံအစိုးရပါ ပါလာတတ်ကြောင်း ဒေါ်ခင်မမမျိုးက ပြောကြားသည်။<br>ဆုမင်းကို |
| ၁၃ | ၁၂.၁၁.၁၅ | စံတော်ချိန် အတွဲ(၃) အမှတ် (၉၃၂) Pg (1, 2) | Election | **နိုင်ငံထောက်ပံ့ငွေ တစ်ပြားမှမရရှိဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးဆို**<br>နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံခြားအဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ တစ်ပြားမှမရရှိခဲ့ကြောင်း ဦးတင်အေးက နိုဝင်ဘာ ၁၁ ရက်နေ့က ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သို့သော် ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ တာဝန်ထမ်းဆောင်ရသည့် မဲရုံဝန်ထမ်းများကို နိုင်ငံတော်က တစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ထောက်ပံ့ပြီး ပြည်ပအဖွဲ့အစည်းများက တစ်ဦးလျှင် ၅၀၀၀ ကျပ် ထောက်ပံ့မှုရရှိခဲ့ကြောင်း၊ နိုင်ငံတော်မှ တောင်းခံထားသည့် ဘတ်ဂျက်များကို လိုအပ်သည့်နေရာ၌သာ သုံးစွဲခဲ့ပြီး စုစုပေါင်း ငါးမီလီယံခန့်ကုန်ကျခဲ့ကြောင်း၊ ကျန်ရှိ |

| | | | | |
|---|---|---|---|---|
| | | | | နေသည့် ဘတ်ဂျက်များကိုလည်း နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရန် ကြိုးပမ်းနေပြီး စာရင်းချုပ်ပြီးပါက လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားခဲ့သည်။ |
| ၁၄ | ၁၂.၁၁.၁၅ | စံတော်ချိန် အတွဲ(၃) အမှတ် (၉၃၂) Pg (24, 3) | Election | **ဒေါ်စု၏ နိုင်ငံရေးတိုက်ကွက်ကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်၊ အရှုံးကို ခွန်အားအဖြစ်ပြောင်းမည်ဟု ဦးသိန်းညွန့်ဟုဆို** ရွေးကောက်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးတိုက်ကွက်ကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် အရှုံးကို ခွန်အားအဖြစ်ပြောင်းလဲမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ် ဥက္ကဋ္ဌ ဦးသိန်းညွန့်က နိုဝင်ဘာ ၁၁ ရက်နေ့က သဃ်န်းကျွန်းမြို့နယ် ပါတီရုံးချုပ်၌ ကျင်းပသည့် ကိုယ်စားလှယ်လောင်းများ၊ မဲရုံကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲတွင်ပြောကြားသည်။ ထို့ပြင် အမျိုးသားဒီမိုကရေစီပါတီသစ်သည် အင်အားနည်းသည့် ပါတီတစ်ခုဖြစ်သည့်အတွက်အစိုးရဖွဲ့ပြီး ပြုပြင်ပြောင်းလဲမှုလုပ်နိုင်မည်မဟုတ်ဆိုသည့် ပြည်သူများ၏ ယုံကြည်ချက်သည်လည်း ရှုံးနိမ့်ရခြင်းအကြောင်းတစ်ခုဖြစ်ကြောင်း၊ NLD သည် မဲဆွယ်စည်းရုံးရာ၌ ဥပဒေဘောင်အတွင်းနှင့် ဥပဒေဘောင်ပြင်ပမှ နည်းလမ်းမျိုးစုံသုံး၍ ပြည်သူများအား ဆွဲဆောင်ခဲ့သည့်အတွက် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟုလည်း ဦးသိန်းညွန့်က ပြောကြားသည်။ |
| ၁၅ | ၁၂.၁၁.၁၅ | Daily Eleven Pg (18) | NLD | **အတည်ပြုထုတ်ပြန်ထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိ ၂၉၉ နေရာအနက် NLD က ၂၅၆ နေရာ အနိုင်ရရှိထား** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်ထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိ ၂၉၉ နေရာအနက် နိုဝင်ဘာ ၁၁ ရက်နေ့က ထုတ်ပြန်သည့် ရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၅၆ နေရာ အနိုင်ရရှိထားကြောင်း သိရသည်။ လက်ရှိ ထုတ်ပြန်သည့်စာရင်းများအရ ပြည်သူ့လွှတ်တော် ၂၁၆ နေရာတွင် NLD ၁၇၉ နေရာ၊ အမျိုးသားလွှတ်တော် ၈၃ နေရာတွင် ၇၇ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် အသီးသီး အတွက် ၃၂၈ နေရာတွင် ၂၈၀ နေရာ အနိုင်ရရှိထားသည်ဟုသိရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားကိုယ်စားလှယ်များမှ တင်မြှောက်မည့် ဒုတိယသမ္မတသုံးဦးအနက် ပြည်သူ့လွှတ်တော်မှ ဒုတိယသမ္မတတစ်ဦးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တင်မြှောက်ခွင့် ရရှိသွားမည်ဖြစ်သည်။ |
| ၁၆ | ၁၂.၁၁.၁၅ | The Voice Daily Vol (3) | တပ်မတော် | **အစိုးရသစ်နှင့်လက်တွဲ၍ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မည်ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြော** |

| | | | | |
|---|---|---|---|---|
| | | No (187) p (2) | | ရွေးကောက်ပွဲအလွန်ကာလတွင် အစိုးရသစ်နှင့် လက်တွဲ၍ အကောင်းဆုံးဖြစ်အောင် မှန်မှန်ကန်ကန်လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏ နားလည်ယုံကြည်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် တပ်မတော် စည်းရုံးရေးဗဟိုဦးစီးကော်မတီ၏ (၇/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးအမှာစကားတွင် ပြောကြားသည်။<br>နေပြည်တော် |
| ၁၇ | ၁၂.၁၁.၁၅ | The Voice Daily Vol (3) No (187) p (3) | ငြိမ်းချမ်းရေး | **တိုင်းရင်းသား လက်နက်ကိုင်အချို့ကို တိုက်ခိုက်နေမှု ရပ်တန့်ရန် NCA လက်မှတ်ထိုးထားသည့် အဖွဲ့များ တောင်းဆို**<br>တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့ကို တပ်မတော်က တိုက်ခိုက်နေမှုများ အမြန်ဆုံးရပ်တန့်ပေးရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တောင်းဆိုကြောင်း သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်နေ့ထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေး ပထမအကြိမ် အပြီးတွင် ယင်းကဲ့သို့ ထုတ်ပြန်ခြင်းဖြစ်သည်။ လက်ရှိချိန်တွင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA နှင့် တပ်မတော်တို့ကြား တိုက်ပွဲများအဆက်မပျက်ဖြစ်ပွားနေကြောင်း SSPP/ SSA ထံမှသိရသည်။ နိုဝင်ဘာ ၁၀ ရက်နေ့က မနက်ပိုင်းတွင် အစိုးရတပ်မှ MI-35 တိုက်လေယာဉ်နှစ်စင်း၊ MIG-29 ဂျက် တိုက်လေယာဉ်တစ်စီးဖြင့် မိမိ SSPP/ SSA ဌာနချုပ် ဝမ်ဟိုင်းအား ဗုံးကြဲတိုက်ခိုက်ကြောင်း ၎င်းအဖွဲ့မှ ထုတ်ပြန်ထားသည်။ တပ်မတော်ပိုင် မြဝတီသတင်းစာတွင် ယင်းအဖွဲ့မှနယ်မြေကျူးကျော်ခြင်းကြောင့် တပ်မတော်မှအကာအကွယ်ယူခုခံရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။<br>ရန်ကုန် |
| ၁၈ | ၁၂.၁၁.၁၅ | Daily Eleven Pg (2, 3) | ငြိမ်းချမ်းရေး | **စစ်မှန်သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် NLD ဖွဲ့စည်းမည့် အစိုးရနှင့် လက်တွဲပူးပေါင်း ဖြေရှင်းသွားမည်ဟု TNLA အဖွဲ့ သဘောထားကြေညာချက်ထုတ်ပြန်**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ ရွေးကောက်ပွဲ ကြေညာစာတမ်းတွင် ကတိပြုထားသည့် မွန်မြတ်သည့် ရည်ရွယ်ချက် ကတိကဝတ်များအတိုင်း အစိုးရတစ်ရပ်ဖွဲ့စည်းကာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု အထူးယုံကြည်ပြီး စစ်မှန်သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် NLD ဖွဲ့စည်းမည့် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဖြေရှင်းရန် အဆင် |

| | | | | |
|---|---|---|---|---|
| | | | | သင့်ရှိကြောင်း TNLA က နိုဝင်ဘာ ၁၁ ရက်နေ့က သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲ၌ အစိုးရဖွဲ့စည်းနိုင်သည်အထိ ပြည်သူများ၏ဆန္ဒမဲများကို သိမ်းကျုံးရယူနိုင်ခဲ့သော NLD ၏ သမိုင်းဝင် ပြည်သူ့အောင်ပွဲကြီးအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ မြန်မာ့နိုင်ငံရေးဖြေရှင်းရာတွင် အဓိကကျသည့် မြန်မာနိုင်ငံ၏ နှစ်ပေါင်း ၆၇ ကျော်ကြာ ပြည်တွင်းစစ်မီးကို အငြိမ်းသတ်ငြိမ်းသတ်ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် NLD ဖွဲ့စည်းမည့် အစိုးရနှင့်အတူ ပူးပေါင်းရန် အသင့်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ပြည်သူ့ပါတီဖြစ်သည့် NLD အနေဖြင့် ရွေးကောက်ပွဲ ကြေညာစာတမ်းတွင်ပါရှိသည့် အချက်များကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် ယခုကဲ့သို့ ကြေညာချက် ထုတ်ပြန်ရခြင်းဖြစ်သည်ဟု PSLF/TNLA သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးမိုင်းအိုက်ကျော်ကပြောသည်။<br>ငြိမ်းကို |

## ONLINE NEWS

## အမေရိကန်သမ္မတ အိုဘားမားက နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံကို တယ်လီဖုန်းဆက်ပြီး

12.11.2105

ယနေ့နံနက်ရနာရီ ခွဲတွင် အမေရိကန်သမ္မတအိုဘားမားမှနိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့တယ်လီဖုန်းဆက်ကာ မြန်မာနိုင်ငံ သမိုင်းတွင် လွတ်လပ်ပြီး တရား မျှတ သည့် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်သည့် အတွက် နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ ကို ချီးကျူးဂုဏ်ပြု ကြောင်း၊ရွေးကောက်ပွဲ အောင်မြင်မှုသည် သမ္မတကြီး အနေဖြင့် ဂုဏ်ယူ ရမည်ဖြစ်ပြီး သမိုင်း မှတ်တိုင် တစ်ရပ် ဖြစ်ကြောင်း၊ သမ္မတကြီး ရဲပုံ့စွာဖော်ဆောင်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးဆောင် ရွက်ချက်များသည် မြန်မာနိုင်ငံအတွက် ထူးခြားပြောင်မြောက်သော အနာဂတ်ကိုဖော်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်းအမေရိကန်နိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ **Ye Htut Facebook**

Sithu Aung Myint

**7Day News Journal**

## ရွေးကောက်ပွဲနောက်ပိုင်းလည်း မြန်မာနှင့် ဆက်ဆံရေးဆက်ကောင်းသွားမည်ဟု တရုတ်ယုံကြည်

မဖျိုမ

12.11.2015

မြန်မာနိုင်ငံသည်တရုတ်နိုင်ငံအတွက်မိတ်ရင်းဆွေရင်းနိုင်ငံအဖြစ်ဆက်လက်ရှိသွားမည်ဟုယုံကြည်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝန်ယီမှ နိုဂင်ဘာ ၁၁ ရက်ကပြောကြားခဲ့ သည်။ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ NLD မဲရလဒ် ဦးဆောင်ချိန်တွင် ဝန်ယီ၏မှတ်ချက်စကားထွက်ပေါ်လာခြင်းဖြစ်ပြီး ရွေးကောက်ပွဲ ချောချောမောမော ကျင်းပပြီးစီးခြင်းကို ကျေနပ်အားရမှု ပြသခြင်း အဖြစ် ယူနန်ပြည်နယ်တွင်နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့်

တွေ့ဆုံခဲ့စဉ်ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံအနေဖြင့်မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း အခြေအနေနှင့် လိုက်လျောညီထွေစွာ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်ရှိရေးတို့အတွက် ပါတီအဖွဲ့အစည်းများပူးပေါင်းအတူတကွဖော်ဆောင်ကြကာတည်ငြိမ်သော၊သဟဇာတဖြစ်သော၊ဖွံ့ဖြိုးတိုးတက်သော၊စည်းလုံးသော နိုင်ငံ ဖြစ်လာရေး ရိုးသားစွာ မြင်တွေ့လိုကြောင်း ပြောဆို ခဲ့ခြင်း ဖြစ် သည်။ အဆိုပါ လုပ်ငန်းစဉ် များ အတွင်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ဆက်လက် ကူညီသွားမည် ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။ တရုတ်-မြန်မာ အပြန်အလှန် ဆက်ဆံမှု သည် နှစ်နိုင်ငံ နှင့် ပြည်သူ နှစ်ရပ် တို့၏ အခြေခံ အကျိုးစီးပွားပေါ် မူတည်ကာ  အကျိုးဖြစ်ထွန်းသည့် ဆက်ဆံရေးဖြစ်ပြီး မြန်မာနိုင်ငံအား ရင်းနှီးစွာဆက်ဆံသည့် မူဝါဒပေါ်လစီကို ပြောင်းလဲသွားမည်မဟုတ်ကြောင်း ဝန်ယီက ပြောကြားခဲ့သည်။**Ref ; Xinhua**

http://mizzimaburmese.com/article/7310#sthash.EjicIREW.HPbDsfkX.dpuf

## MILITARY

## ဒေါ်အောင်ဆန်းစုကြည်၏တွေ့ဆုံဆွေးနွေးရန်တောင်းခံခြင်းနှင့်ပတ်သက်၍ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သဘောထားထုတ်ပြန်

11.11.2015

ဒေါ်အောင်ဆန်းစုကြည်၏ တွေ့ဆုံဆွေးနွေးရန် တောင်းခံခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူ းကြီး မင်းအောင်လှိုင် ၏ သဘောထား တရပ်အား  တပ်မတော် သတင်းမှန်  ပြန်ကြားရေး  အဖွဲ့ မှ သတင်း ထုတ်ပြန် ထားပါ သည်။အဆိုပါ ထုတ်ပြန်ချက်တွင်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှ NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်အားဂုဏ်ပြုပြောကြားထားပါသည်။

**http://www.thithtoolwin.com/2015/11/blog-post_876.html**

## DAW AUNG SAN SU KYI

## ပြည်သူနှင့် ထပ်တူကျသောကြောင့် NLD အနိုင်ရကြောင်း ဒေါ်အောင်ဆန်း စုကြည် ပြောဆို

11.11.2015

ရွေးကောက်ပွဲတွင်  NLD  နေရာအများစု အနိုင်ရခြင်းသည် ပါတီအနေဖြင့် ပြည်သူထဲမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး၊ ပြည်သူ နှင့် အတူ ခံစားခဲ့၊ ရုန်းကန်ခဲ့ ကာ ၊ ပြည်သူနှင့် အိပ်မက်ချင်း၊ ရင်ခုန်သံချင်း ထပ်တူကျ သောကြောင့် ဟု ဒေါ်အောင်ဆန်းစုကြည် ပြောပါသည်။လွှတ်တော်တွင်နေရာအများစု အနိုင်ရခဲ့သည့် NLD အနေဖြင့်  ပထမဦးဆုံး ဆောင်ရွက်ရမည့် ကိစ္စနှင့် ပတ်သက်သည့်မေးမြန်းချက်အပေါ် ဒေါ်အောင်ဆန်းစုကြည်မှဖြေကြားရာတွင် **အုပ်ချုပ်ရေး အပြောင်း အလဲ ဖြစ်အောင် လုပ်ခြင်းသည် ပထမဆုံး အကြီးဆုံး ပြောင်းလဲ မှုကြီး ဖြစ်ပါလိမ့်မည်ဟု ပြောပြီး** နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက် သည့်  မေးမြန်းချက်အား ပြန်လည် ဖြေကြားရာတွင် **ပြည်သူအတွက်အကျိုး**

**အမြတ်ရှိ ရမည်ဖြစ်ကာ နိုင်ငံခြား ကုမ္ပဏီများနှင့် ပြည်သူများယှဉ်လျှင် ပြည်သူများမှ ပိုပြီး အကျိုးရှိရမည်ဖြစ်ပြီး တန်းတူအောက်လုံးဝမလျော့စေရ** ဟု ပြောခဲ့သည်။

**http://www.rfa.org/burmese/news/peoples-equation-nld-wins-dassk-speech-11112015232549.html**

**ELECTION**

**ရွေးကောက်ပွဲအပြီး ကော်မရှင်မှာ ဒဏ်ရာတွေနဲ့ ကျန်ခဲ့ကြောင်း ဦးတင်အေးပြော**

11.11.2015

ရွေးကောက်ပွဲအပြီး ဒိုင်လူကြီးသည် နိုင် သူကိုနိုင်သည့် အထိမ်းအမှတ်အဖြစ် လက်မြှောက်ပေးရမည်ဖြစ်သော်လည်း ဒိုင်သူကြီးတွင် ဒဏ်ရာဒဏ်ချက်များနှင့် ကျန်ခဲ့ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက ပြောပါ သည်။ နိုင်ငံရေးပါတီများ မဲစာရင်းတွေ မှန်ကန်မှုရှိရေး အတွက် ပူးပေါင်းဆောင်ရွက်မှု မရှိသည့် အပြင် ဧဖန် တိုက်ခိုက်မှုများ ရှိခဲ့ခြင်းနှင့် ပတ်သက်ပြီး နေပြည်တော်ရွေးကောက်ပွဲကော်မရှင်ရုံးတွင်ဥက္ကဋ္ဌဦးတင်အေးမှ ပြောကြား ခဲ့ခြင်းဖြစ်သည်။

http://www.rfa.org/burmese/news/utinaye-press-conference-11112015120341.html

**အပြောင်းအလဲကို လူထုလိုလားနေကြောင်း ဝန်ကြီးချုပ်ဦးမောင်မောင်အုန်းပြော**

11.11.2015

ရခိုင် ပြည်နယ် အမ်း မြို့နယ် ပြည်နယ် လွှတ်တော် မဲဆန္ဒနယ် အမှတ် ၁တွင် ဝင်ရောက်ယှဉ်ပြိုင်ကာအနိုင်ရ သည့် ဦးမောင်မောင်အုန်း RFA နှင့်သီးသန့်ဆက်သွယ်မေးမြန်းခန်းတွင်ပြောကြားရာတွင်ရွေးကောက်ပွဲရလဒ်များကိုကြည့် မည် ဆိုလျှင် ပြည်သူလူထုသည် အပြောင်းအလဲကို လိုလားနေသည်ဟုခံယူထားကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဟောင်း ဦးမောင်မောင်အုန်းက ပြောပါသည်။

http://www.rfa.org/burmese/news/umaungmaungohn-say-public-want-changing-11112015111133.html

**ပါတီမူဝါဒများကြောင့် တိုင်းရင်းသားပါတီများ အရေးနိမ့်ခဲ့ဟု အရပ်ဖက်များသုံးသပ်**

11.11.2015

ကရင်ပြည်နယ်အတွင်း ဝင်ရောက် ယှဉ်ပြိုင်သည့် တိုင်း ရင်းသားပါတီများ အရေးနိမ့်ရခြင်းသည့် ပါတီများ၏ ချမှတ် ထားသော မူဝါဒများကြောင့်ဖြစ်သည်ဟုကရင်ပြည်နယ်အတွင်းရှိအရပ်ဖက်အဖွဲ့အစည်းများကသုံးသပ်ပြောဆိုလိုက် သည်။ နောက်ပြီး အခြားပါတီကြီး များနှင့် ယှဉ်လျှင် နိုင်ငံရေး အတွေ့ အကြုံနှင့် စည်းရုံးရေးပိုင်းများတွင် အားနည်း သော ကြောင့်လည်း ဖြစ်သည် ဟု ပြောသည်။၂၀၁၀ခုနှစ်များတွင်တိုင်းရင်းသားပါတီမှအနိုင်ရသူများရှိပြီး ၎င်းတို့၏ လုပ်ငန်း အကောင်အထည် ဖော်မှု ပိုင်းများ နှင့် လူမှုအသိုင်းအဝိုင်း များတွင် ပါဝင် ပူးပေါင်း လုပ်ဆောင်မှုများ၊ လူမှု

အသိုင်းအဝိုင်း၏ အရေးကိစ္စရပ်များအား တင်ပြဆွေးနွေးနိုင်မှုများတွင် အားနည်းမှု များကြောင့်လည်း ရှုံးနိမ့်ခဲ့ရ ခြင်းဖြစ်သည်ဟု ဆို သည်။ သို့သော် NLD ၏ လွှတ်တော် ကိုယ်စားလှယ် လောင်း စောမိုးမြင့်မှ ပြည်နယ် အခြေ စိုက် တိုင်းရင်းသား ပါတီများ ၏ ပါတီမူဝါဒ အားနည်း မှု ကြောင့် မဟုတ်ဘဲ စည်းရုံးရေး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန်ဘဏ္ဍာရေးအခက်အခဲရှိခြင်း၊ပါတီဝင်အင်အားနည်းပါးခြင်း၊ နေရာ ကျယ်ပြန့်မှုအပေါ်စုစည်းရန်ခက်ခဲခြင်းများကြောင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

http://kicnews.org/2015/11

## မဟာမိတ်ပါတီတွေဆက်ဖြစ်ရေး NLD အပေါ်မူတည်ကြောင်း SNLD ပြောဆို

11.11.2015

NLD ပါတီနှင့် မဟာမိတ်အဖြစ် ဆက်လက်တည်ရှိရေးသည် NLD ပါတီပေါ်တွင် သာ မူတည်သည်ဟု SNLD ပါတီအထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကပြောပါသည်။ယခုကဲ့သို့ပြောဆိုရခြင်းသည်NLDသည် အပြတ်အသတ်အနိုင်ရရှိခဲ့သောကြောင့်ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်သည့် အခြေအနေ ရောက်ရှိသွားခြင်း ကြောင့် ဟု ဦးစိုင်းညွန့်လွင်ကပြောဆိုပါ သည်။အနိုင်ရ NLD ပါတီသည် တပ်မတော်နှင့် ဆက်ဆံရေး မည်သို့ ထူထောင်မည်ဆိုသည့်ကိစ္စသည် အကြီးမားဆုံး နှင့် အရေးအကြီးဆုံး ကိစ္စဖြစ်နေပြီး NLD ခေါင်းဆောင်များ ၏ အမြော်အမြင် ကြီးမှု၊ ရင့်ကျက်မှု၊ စိတ်ကောင်းစေတနာထားမှုအပေါ် မူတည်မည် ဖြစ်သည်ဟု ပြောဆိုပါတယ်။
http://www.rfa.org/burmese/news/snld-party-allies-depend-on-nld-11112015010124.html

## မြန်မာ့ရွေးကောက်ပွဲအပေါ် ပါမောက္ခ Steinberg အမြင်

12.11.2015
ရွေးကောက်ပွဲ ငြိမ်းငြိမ်းချမ်းချမ်း ကျင်းပနိုင်ခဲ့ခြင်းသည် အစဉ်အလာကောင်းတရပ်ကို ချမှတ်လိုက်နိုင်ခြင်းဖြစ်သည်ဟု အမေရိကန်ပြည်ထောင် စု George Town တက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ David Steinberg မှ မှတ်ချက် ချခဲ့သော်လည်း မဲအများစုအနိုင်ရ အတိုက်အခံပါတီအနေဖြင့် စစ်တပ်အင်အားကြီးစိုးထားသည့်စနစ်အတိုင်းနိုင်ငံအုပ်ချုပ်ဖို့ရန်စိန်ခေါ်မှု အများအပြား ရင်ဆိုင်ရဖွယ် ရှိနေသည်ဟု ပါမောက္ခ David Steinberg ဆိုပါသည်။

http://burmese.voanews.com/content/david-steinberg-iv/3054393.html

## PEACE

## NCAကို လက်မှတ်ထိုးသည့်အဖွဲ့များ နှင့် မထိုးသေးသည့်အဖွဲ့များ ညှိနှိုင်းရန် ၉ ဦးပါအဖွဲ့ကို ဖွဲ့စည်း

ဖနိဒါ
11.11.2015

NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ ဖွဲ့နှင့် လက်မှတ် မထိုးသေးသည့် အဖွဲ့အစည်းများဆက်စပ် ညှိနှိုင်းရန်အတွက် ၉ဦးပါဝင်သော အဖွဲ့တစ်ခုဖွဲ့စည်းလိုက်သည်။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အဆင့်ဆင့်အား လက်ရှိ အစိုးရနှင့် တက်လာမည့် အစိုးရသစ်တို့နှင့် ဆက်လက် ဆောင်ရွက်သွားရန် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်ထိကျင်းပသောလက်မှတ်ထိုးထားသည့်အဖွဲ့အစည်းများ၏ပထမဆုံးအကြိမ်ထိပ်သီးအစည်းအဝေး တွင် ဆုံးဖြတ်ခဲ့ သည်။ NCA ပြဋ္ဌာန်းချက် နှင့် အညီ အကောင် အထည် ဖော်လုပ်ဆောင် နေသော JICM,JMC, UPDJC လုပ်ငန်းစဉ်များတွင်လက်ရှိ အစိုးရနှင့်သော် လည်းကောင်း၊အစိုးရအဖွဲ့သစ်နှင့်သော် လည်းကောင်း ပူးတွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

http://mizzimaburmese.com/article/7287#sthash.sdFHykjK.dpuf

## မိုင်းနောင်မြို့ တပ်ဌာနချုပ်အား တိုက်ခိုက်မှု ၎င်းတို့နှင့်မပတ်သက်ဟု SSPP ပြော

11.11.2015

သျှမ်းပြည် တောင်ပိုင်း မိုင်းနောင်မြို့နယ်တွင် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဖြစ်ပွါးခဲ့သော တပ်ဌာနချုပ် တိုက်ခိုက်မှု ဖြစ်စဉ်တွင်သျှမ်းပြည်တိုးတက်ရေးပါတီနှင့်ပတ်သက်ခြင်းမရှိကြောင်းကြေငြာချက်တစောင် ထုတ်ပြန်သည်။နိုဝင်ဘာ ၁၀ ရက်နေ့တွင် မြဝတီရုပ်မြင်သံကြားသတင်းထုတ်ပြန်ရာ တွင်- သျှမ်းပြည် တောင်ပိုင်းမိုင်းနောင်မြို့ရှိ တပ်ဌာနချုပ် သို့ ဝမ့်ဟိုင်းအဖွဲ့မှ အင်အား၁၂၀ ခန့်သုံးကာ နိုဝင်ဘာလ ၉ ရက် ညဂနာရီ၄၅မိနစ်တွင်လက်နက်ကြီးလက်နက်ငယ် ဖြင့် ပစ် ခတ်ခဲ့ပြီး ရဲစခန်း အား လည်း ဖုံးပစ်လောင်ချာများဖြင့် ပစ်ခတ်ခဲ့သည်ဟု ပါရှိပါသည်။ အဆိုပါသတင်းသည် နိုဝင်ဘာ လ ၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ၏ နောက်ကျော ဖုံးတွင်လည်းဖော်ပြထားသည်။

သျှမ်းသံတော်ဆင့်

https://www.facebook.com/Panglong.burmese

## ဒုက္ခသည်စခန်းသို့ ၆၀ မမ အလုံး ၇၀ ကျော်ကျသည့်အတွက် စစ်ဘေးရှောင် ၁၅၀၀ ကျော် တခြားနေရာသို့ထပ်မံတိမ်းရှောင်ရ

11.11.2015

သျှမ်းပြည် တောင်ပိုင်း လွယ်လင် ခရိုင် မိုင်းရှူးမြို့နယ် အတွင်း ရှိ ဒုက္ခသည် စခန်းတခု အတွင်းသို့ လက်နက်ကြီးများ ကျရောက်သည့် အတွက်ကြောင့် စစ်ဘေးရှောင် များ အခြားနေရပ်သို့ ထပ်မံ တိမ်းရှောင် နေရသည် ဟု သိရ သည်။ ယခုတိုက်ခိုက်မှုနှင့် ပတ်သက်၍ မြန်မာအစိုးရ တပ်မတော်ပိုင် မြဝတီ သတင်း စာမှ SSA (ဝမ့်ဟိုင်း) အဖွဲ့ သည် လူထုအားအကာအကွယ်ပြု၍မိုင်းနောင်ရှိတပ်ဌာနချုပ်အားအကြိမ်ကြိမ် တိုက်ခိုက်သည့်အတွက်၎င်းတို့အားရှင်းလင်း တိုက် ခိုက်သွားမည်ဟု ရေးသားထားသည်။နိုဝင်ဘာလ ၁၁ ရက် ညနေ ၆ နာရီတွင်မှ ဝမ့်ဆော့ရွာတွင် တိုက်ပွဲစတင် ဖြစ် ပွါးကြောင်း၊ ဝမ်ဆော့ရွာ တွင် ခိုလှုံသော စစ်ဘေးရှောင်များ နှင့် ဒေသခံများမှာမူ နိုဝင်ဘာလ ၉ ရက်ညပိုင်းတွင် ထွက်ပြေးကြပြီဖြစ်သည်။ သျှမ်းသံတော်ဆင့်

https://www.facebook.com/Panglong.burmese

**http://www.thithtoolwin.com/2015/11/blog-post_261.html**

http://burmese.voanews.com

**http://www.thithtoolwin.com/2015/11/ssa-n.html**

## MA BA THA

## ရွေးကောက်ပွဲရလဒ် နှင့် ပါတ်သက်၍ ဦးဝီရသူ ၏ မိန့်ကြားချက်

12.11.2015

ရွေးကောက်ပွဲနှင့် ပါတ်သက်၍ RFA ၏မေးမြန်းချက်အား ဦးဝီရသူ မှ ဖြေကြားရာတွင်ဒေါ်အောင်ဆန်းစုကြည်နှင့်သူ၏ NLD ပါတီ အောင်မြင်မှုအား ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း။ အနိုင်ရှိမှုအပေါ်မုဒိတာပွားကြောင်း၊NLDအစိုးရသစ်လက်ထက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာဖို့ရန် ရာနှုန်းပြည့် ယုံကြည်ကြောင်း၊ပြည်သူလူထုမှရွေးချယ်တင်မြှောက်သည့်မည်သည့်အစိုးရမဆိုအတိုက်အခံလုပ်ဆန့်ကျင်မည်မဟုပ်ကြောင်း၊သို့သော်ဘာသာ၊သာသနာနှင့်ပတ်သက်၍လျှော့ပါးသွားမည်ကိုစိုးရိမ်ကြောင်း၊လူ့အခွင့်အရေးဆိုသည့် ခေါင်းစဉ်အောက်တွင်လူနည်းစုများမှ NLD အား အလွန်မှီခိုအားကိုးလာကာ အခွင့်အရေးယူ အင်အားကြီးလာမည်ကို စိုးရိမ်ကြောင်း၊ NLD မှ လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် လူ့အခွင့် အရေး စသည့် စကားလုံး များ အသုံးများ သဖြင့် စိုးရိမ် ကြောင်း။ ထို့ကြောင့် မျိုးစောင့် ဥပဒေ ကို ဆက်လက်ကာကွယ်ရန်၊၁၉၈၂ ဥပဒေ အား ဆက်လက် ထိမ်းသိမ်းရန်နှင့် ရိုဟင်ဂျာ များအားညှိနှိုင်းအဖြေရှာခြင်းမျာ မပြုလုပ်ဘဲလက်ရှိအခြေနေအတိုင်းသာဆက်လက်ရှိစေချင်ကြောင်း၊မဘသသည်လည်းဒီမိုကရေစီ ကိုနားလည်း လက်ခံကြောင်း ပြည်သူလူထု မှရွေးချယ်တင်မြှောက်သော မည်သည့် အစိုးရမဆို လုံးဝ လက်ခံကြောင်း မိန့် ကြားထား သည်။
**Myanmar Breaking News**

https://soundcloud.com/burmeserfa/jfcp8zbw8xyd